ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယုားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၅ - ၁ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေး တက်ရောက်ရန်။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ နေပြည်တော် လယ်စစ် အစည်းအဝေး တက်ရောက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်နှင့် ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုး ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုး ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း အစား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်

ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမိုးမြင့်အောင် အစား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အစား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း အစား ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး အစား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့ အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် အစား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် အား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး အစား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်နေရာများ ဖြည့်စွက်အစားထိုး ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုး ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ရှမ်းပြည်နယ်မြောက်ပိုင်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ခရိုင်သာသနာရေးမှူးရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်မြောက်ပိုင်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ခရိုင်သာသနာရေးမှူးရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့တွင် မြို့နယ် သာသနာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးထား၍ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ တိုင်းဦးစီးအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူလူထုများ၊ စုပေါင်းလှူဒါန်းကြိုးပမ်းမှုများကြောင့် ဘုရား၊ စေတီ၊ ကျောင်းကန်၊ ပုထိုး၊ ရဟန်း၊ သာမဏေနှင့် မယ်သီလရှင်များ နှစ်စဉ် တိုးပွားလာ၍ ဘာသာသာသနာဆိုင်ရာ ဆောင်ရွက်ကြမည့် လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာပါတယ်။ ဟိုပန်မြို့နယ်တွင် သာသနာရေးမှူးရုံး ဖွင့်လှစ်ထားရှိသော်လည်း ခရိုင်အဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အခက်အခဲ ဖြစ်နေပါသဖြင့် မြို့နယ်အဆင့်ရုံးကိုပင် ခရိုင်ရုံးအဆင့်အဖြစ်သို့ တိုးမြှင့်ခန့်ထားပေးနိုင်ရန် တင်ပြရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာ တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့တွင် ခရိုင်သာသနာရေးမှူးရုံး ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးကြည်မင်း (ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်း က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ခရိုင်သာသနာရေးမှူးရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်တို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် တိုးချဲ့ဖွဲ့စည်းခွင့်ပြုရန် တင်ပြဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းတို့အပေါ် ချမှတ်သင့်သည့် မူဝါဒ အခြေခံ စံများအတွက် မူဝါဒတစ်ရပ် ညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဟိုပန်ခရိုင် သာသနာရေးမှူးရုံး တိုးချဲ့ဖွဲ့စည်းခြင်းကိစ္စကို စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။

သို့ရာတွင် ဟိုပန်မြို့နယ်တွင် မြို့နယ်သာသနာရေးမှူးရုံး ဖွင့်လှစ်ထားရှိပြီး မြို့နယ်သာသနာရေးမှူးခန့်အပ်ကာ သာသနာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ဟိုပန်ခရိုင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းပဲ ဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့တွင် ခရိုင်အင်္ဂါရပ်နှင့်ညီညွတ်သော မြို့မဈေးတစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့တွင် ခရိုင်အင်္ဂါရပ်နှင့်ညီညွတ်သော မြို့မဈေးတစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**


**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ မတူပီမြို့တွင် ခရိုင်မြို့နှင့် ညီညွတ်သော မြို့မဈေး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မတူပီမြို့သည် ၁၉၄၉ ခုနှစ်၊ မတ်လတွင် နိုင်ငံတော်က အစိုးရရုံးစိုက်ရာ မြို့နယ်အဖြစ် စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၆-၆-၂၀၁၇ ရက်နေ့တွင် မတူပီခရိုင် အဖြစ် ထပ်မံတိုးမြှင့်ပေးခဲ့ပါတယ်။ သို့သော်လည်း ယနေ့အထိ နိုင်ငံတော်က တည်ဆောက်ပေးထားသော ဈေးမရှိသေးပါ။ ဈေးတည်ဆောက်ရန်အတွက် မြေနေရာလည်း အဆင်သင့်ရှိပါတယ်။ ၎င်းနေရာသည် မြို့၏အလယ်ဗဟိုတွင် တည်ရှိပြီးတော့မှ ခေတ်အဆက်ဆက်ကနေ နံနက်ဈေးအဖြစ် ဟင်းသီး၊ ဟင်းရွက်နှင့် အသား၊ ငါးများကို ဈေးသည်များက ပလတ်စတစ်အခင်း အသုံးပြု၍ ရောင်းချလျက် ရှိပါတယ်။ ထိုဈေး တည်ဆောက်ရန် မြေနေရာသည် ကျဉ်းမြောင်းခဲ့မယ်ဆိုလျှင်လည်း ယခင် စိုက်ပျိုးရေးဦးစီးဌာနပိုင် လက်ဖက်စိုက်ခင်းမြေနေရာတွေ အရန်လျာထားတဲ့ မြေနေရာတွေလည်း ရှိပါတယ်။ မတူပီမြို့ဟာဆိုလို့ရှိရင် မြို့နယ်အဆင့်တိုးမြှင့်ပေးသည်မှာ နှစ်ပေါင်း(၇၀)ရှိနေပြီဖြစ်သော်လည်း ယနေ့အထိ ဈေးမရှိသေးတဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ Google Map ကနေ မြင်ရတဲ့ မတူပီမြို့ဖြစ်ပါတယ်။ ခုနက ကျွန်တော်ပြောတဲ့ အနီရောင်နှင့် ဝိုင်းထားတဲ့နေရာက နံနက်ခင်းမှာ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးတွေကို ရောင်းတဲ့နေရာဖြစ်ပါတယ်။ ဒီနေရာကို ဈေးတည်ဆောက်ဖို့အတွက် ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေနဲ့ ကွင်းဆင်းပြီး ဖြစ်ပါတယ်။ အကယ်၍များ ဒီနေရာ နည်းနည်းကျဉ်းခဲ့မယ်ဆိုလို့ရှိရင် လျာထားတဲ့ ဈေးသစ်တည်ဆောက်ရန်နေရာတွင်လည်း ဈေးဆောက်လို့ရပါတယ်။ ဒါကတော့ မနက်ပိုင်းမှာ ဒီလိုပဲ ဈေးရောင်းရတဲ့ မြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ နွေရာသီမှာ ရိုက်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့

နည်းနည်းကြည့်လို့ ကောင်းပါတယ်။ ဒါပေမဲ့ မိုးတွင်းဆိုလို့ရှိရင် ချင်းပြည်နယ်က အင်မတန်မှ ရာသီဥတု ဆိုးရွားပြီးတော့ မိုးထဲလေထဲမှာပဲ အဲဒီလိုမျိုး ဈေးရောင်းရတာ တော်တော်လေး အဆင်မပြေဘူး ဖြစ်နေပါတယ်။ ဒီဟာလည်း ခုနက နေရာပဲဖြစ်ပါတယ်။ ဒီဈေးအတွင်းမှာ သတ်သတ်မှတ်မှတ် မရှိဘဲနဲ့ အိမ်ဆိုင်တွေမှာပဲ ရောင်းတာများပါတယ်။ အဲဒီတော့ အခု ခရိုင်မြို့ဖြစ်လာသည်နှင့်အညီ စည်ပင်ဈေး တစ်ခုဟာ အမှန်တကယ် လိုအပ်လာပြီဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် မတူပီမြို့တွင် ခရိုင်မြို့အဆင့်ရပ်နှင့်ညီညွတ်သော စည်ပင်ဈေးတစ်ခုကို လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မတူပီမြို့မဈေး တည်ဆောက်မည့်နေရာ မြင်ကွင်းပုံ (ဃ)




သွပ်မိုး၊ သွပ်ကာဖြင့် ယာယီတည်ဆောက်ထားသော မတူပီမြို့မဈေး မြင်ကွင်းပုံ (ဃ-၁)



သွပ်မိုး၊ သွပ်ကာဖြင့် ယာယီတည်ဆောက်ထားသော မတူပီမြို့မဈေး မြင်ကွင်းပုံ (ဃ-၂)



**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးညီထွန်း (ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီမှ ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန်၏ ချင်းပြည်နယ်၊ မတူပီမြို့တွင် ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သော မြို့မဈေးတစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အပေါ်မှာ ကျွန်တော်မှ ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့မှာ မြို့နယ်စည်ပင်သာယာရေးကနေပြီးတော့ ဖွင့်လှစ်ထားတဲ့ဈေးဟာ မတူပီမြို့ စန်ဘောင်ရပ်ကွက်မှာ တည်ရှိပါတယ်။ ကျွန်တော်တို့ ဦးပိုင်အမှတ် (၃၃၈/က) ဖြစ်ပြီးတော့ မြေဧရိယာ(၀.၆၁)ဧက အကျယ်အဝန်းရှိကာ ၅-၆-၂၀၁၈ ရက်နေ့မှာ နှစ်(၃၀)ဂရန် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဈေးမြေပေါ်မှာ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ အုတ်ညှပ် ကျောကပ်ဆိုင်ခန်း(၁၄)ခန်း၊ လက်ဖက်ရည်ဆိုင် သွပ်မိုးသွပ်ကာ(၁)ဆိုင်၊ သွပ်မိုးဝါးကာဆိုင်(၃)ဆိုင်၊ တည်ဆောက်ပြီးတော့ ဖွင့်လှစ်ရောင်းချထားလျက်ရှိတဲ့အပြင် ယာယီပုံကျဈေးအဖြစ်လည်း အသုံးပြုလျက်ရှိတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ယခင်က စိုက်ပျိုးရေးဦးစီးဌာနပိုင် လက်ဖက်စိုက်ခင်းမြေဟာ မတူပီမြို့အတွက် (၆၆)KVA မဟာဓာတ်အားလိုင်းနှင့် သက်ဆိုင်တဲ့ အဆောက်အအုံများဆောက်လုပ်ဖို့အတွက် လျာထားမြေအဖြစ် လျှပ်စစ်ဌာနမှ မြေလွှဲပြောင်းရယူထားပြီး ဖြစ်ပါတယ်။ မတူပီမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဒင်းနေရာအား ဈေးမြေနေရာအဖြစ် လျာထားမှုမရှိတော့ပါကြောင်းနှင့် လက်ရှိ ဈေးမြေနေရာတွင်သာ ဈေးသစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင်အင်ဂျင်နီယာကြီးညွှန်ပြတဲ့ မြို့မဈေးတစ်ခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ရန်အတွက် Developer စနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသူ လုပ်ငန်းရှင်များကို ခေါ်ယူလျက်ရှိပါတယ်။ စိတ်ဝင်စားသူများရှိပါက မတူပီမြို့မဈေးအား သုံးထပ်အမြင့်ဈေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ လင်းဇင်းဆည်ရေသောက် မြောင်းမတော်ကြီး၊ စလင်းမြောင်းမကြီး၊ ဆင်ဖြူကျွန်းမြောင်း (မုန်းမြောင်းဆည်ရေသောက်လက်တံ)တို့မှ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ခြင်းလုပ်ငန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ လင်းဇင်း ဆည်ရေသောက် မြောင်းမတော်ကြီး၊ စလင်းမြောင်းမကြီး၊ ဆင်ဖြူကျွန်းမြောင်း (မုန်းမြောင်းဆည်ရေသောက်လက်တံ)တို့မှ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ခြင်းလုပ်ငန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ လင်းဇင်းဆည်ရေသောက် မြောင်းမတော်ကြီး၊ စလင်းမြောင်းမကြီး၊ ဆင်ဖြူကျွန်းမြောင်း (မုန်းမြောင်းဆည်ရေသောက်လက်တံ)တို့မှ သဲနုန်းများ တူးဖော်ခြင်း လုပ်ငန်းနှင့်

ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ခြင်းလုပ်ငန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေခွဲဝေချထားလျက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိပဲဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကျိုးအကြောင်း ဖော်ပြချက်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ရဲ့ စပါးစိုက်တောင်သူအများစုများဟာ အဆိုပါ မြောင်းကြီးများက ရေကို အသုံးချလျက် စပါးစိုက်ဧက(၄၀၁၀၃)ဧကကို နွေစပါး၊ မိုးစပါး စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်ခင်ဗျား။ ၎င်းဆည်ရေသောက်မြောင်းမကြီးဟာ ၁၉၃၃ - ၁၉၃၄ ခုနှစ်က ဖောက်လုပ်ခဲ့တဲ့ မြောင်းများဖြစ်တဲ့အတွက် သက်တမ်းအားဖြင့်ဆိုလို့ရှိရင် နှစ်(၈၀)ကျော်ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအရ တောတောင်တွေက ပြုန်းတီးမှုကြောင့် ချောင်းများအတွင်း သဲနုန်းများပါဝင်မှုများပြားလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါ သဲနုန်းတွေဟာ မြောင်းများအတွင်း သဲနုန်းပုံများဖြစ်ခြင်း၊ ရေစီးရေလာများကို ပိတ်ဆို့စေခြင်းတို့ကြောင့် တောင်သူများရဲ့ လယ်ရေသောက်မှုတွေက အခက်အခဲဖြစ်ပေါ်နေကြောင်း မိမိနှင့်အတူ ဆည်မြောင်းထိန်းသိမ်းရေးဦးစီးဌာနက တာဝန်ရှိသူတွေနှင့် ကွင်းဆင်းမှုအရ သိရှိရပါတယ်။ ဒါတွေကို ၁-၇-၂၀၁၈ ရက်နေ့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး စလင်းမြို့သို့ လာရောက်စဉ်မှာလည်း ဒီဆည်ရေသောက်စနစ်တွေ ပျက်စီးနေပါ၍ ပြုပြင်ပေးရန် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ရှိ လင်းဇင်းဆည်ရေသောက် မြောင်းမတော်ကြီး၊ စလင်းမြောင်းမကြီး၊ ဆင်ဖြူကျွန်းမြောင်း (မုန်းမြောင်းဆည်ရေသောက်လက်တံ)တို့မှသဲနုန်းများ တူးဖော်ခြင်းလုပ်ငန်းနှင့် ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ခြင်းလုပ်ငန်း၊ ဒီအိမ်ဆိုရင်လည်း အမိုးတွေက မလုံတော့ လုပ်ထားတဲ့ ကျွန်းတွေ ဟိုတုန်းကလုပ်ထားတဲ့ အိမ်ကြီးဟာ ဆွေးသည်ထက်ဆွေးတော့မှာ ဖြစ်ပါတယ်။ ဒါတွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ဘဏ္ဍာငွေ ခွဲဝေချထားလျက် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တွက်ချက်မှုတွေ၊ ပျက်စီးမှု ဓာတ်ပုံအထောက်အထားတွေနဲ့ ပူးတွဲဖော်ပြလျက် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရပ်ကွက်ကျေးရွာများရှိ အခြေခံသမဝါယမအသင်းတို့၏ အသင်းပိုင်မြေများ၊ အဆောက်အဦများကို ရပ်ကွက် ကျေးရွာများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က ရပ်ကွက်ကျေးရွာများရှိ အခြေခံသမဝါယမအသင်းတို့၏ အသင်းပိုင်မြေများ၊ အဆောက်အဦများကို ရပ်ကွက်ကျေးရွာများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝန်း ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံသမဝါယမအသင်းပိုင် မြေ၊ အဆောက်အအုံတို့ကို အသုံးပြုကာ လုပ်ငန်းများလုပ်ကိုင်နေခြင်း မရှိတော့သည့်အတွက် ရပ်ကွက်၊ ကျေးရွာများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမစနစ်ကို ဥရောပတိုက်နှင့် အနောက်နိုင်ငံတို့မှာ (၁၈)ရာစုက စတင်ပေါ်ပေါက်ခဲ့ပြီး ယခုအခါမှာတော့ ကမ္ဘာတစ်ဝန်း ပျံ့နှံ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်ကတည်းက သမဝါယမစနစ် သန္ဓေတည် အစပြုခဲ့ပြီး ခေတ်အလိုက် မျက်ခြည်မပြတ် ဆောင်ရွက်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်မှ သမဝါယမအသင်းဥပဒေပြဋ္ဌာန်းကာ စနစ်တကျဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အခြေခံရပ်ကွက်ကျေးရွာအသင်းများကို ရပ်ကွက်ကျေးရွာသူ၊ ကျေးရွာသားများက တစ်အိမ်ထောင်လျှင် (၂၀)ကျပ်၊ (၂၅)ကျပ် စသည်ဖြင့် အားလုံးစုပေါင်းပါဝင် စုဖွဲ့သောအသင်းဖြစ်ကာ (၁၀)စုနှစ်နီးပါး သမဝါယမလုပ်ငန်းများ ထင်သာမြင်သာအောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့ကြပါတယ်။ ၁၉၉၂ ခုနှစ်မှာ သမဝါယမအသင်းဥပဒေကို ထပ်မံပြဋ္ဌာန်းပြီး ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေအရ တည်ထောင်ခဲ့သော အသင်းများကို ဤဥပဒေအရ မှတ်ပုံတင်ထားသော အသင်းဖြစ်သည်ဟု ပါရှိပါတယ်။

ယခုအခါမှာတော့ သမဝါယမဦးစီးဌာနအောက်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန(၁၅)ဌာန၊ မြို့နယ်သမဝါယမအသင်းဦးစီးဌာန(၃၀၆)ဌာန၊ အခြေခံသမဝါယမအသင်း(၄၀၆၁၀)၊ အသင်းသားဦးရေ(၁၇)သန်းခန့်ရှိတယ်လို့ သိရှိရပါတယ်၊ သမဝါယမဦးစီးဌာနသည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်များကို ပြည်သူ့အကျိုးငှာ သမဝါယမအခြေခံမူများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်ပေါင်း(၂၉၁)မြို့နယ်ရှိ အခြေခံသမဝါယမအသင်း(၃၀၇၂၄)က အသင်းသား(၂.၅)သန်းကို ချေးငွေဘီလီယံပေါင်း (၅)သိန်းကျော် ထုတ်ချေးထားတယ်လို့ သိရှိရပါတယ်။

မြို့နယ်အဆင့် သမဝါယမအသင်းများက မြေဧရိယာ၊ အဆောက်အအုံ၊ စက်ယန္တရား၊ မော်တော်ယာဉ်များ အသုံးပြုကာ ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လည်ပတ်နေကြသော်လည်း အခြေခံသမဝါယမအသင်းများကတော့ မြေနှင့် အဆောက်အအုံများကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိတော့သည်မှာ နှစ်ပေါင်း(၄၀)ကျော်၊ (၅၀)နီးပါး ရှိပြီဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေပါ အသင်း၏လုပ်ငန်းမှ ထွက်ပေါ်လာသော အသားတင် အမြတ်ငွေများကို အသင်းသားများရဲ့ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန် ပြည်တွင်းပြည်ပရှိ သမဝါယမအသင်းများအချင်းချင်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် အသင်းသည် အသင်းသား၊ အသင်းဝင်များ၏ အကျိုးကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ယင်းတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန် တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရန်ဆိုတဲ့ အခြေခံမူများ၊ အသင်း၏တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိတော့ပါ။ ရပ်ကွက်၊ ကျေးရွာသူ၊ ကျေးရွာသားများမှ စုပေါင်းထည့်ဝင်ထားပြီး ယခုအခါ

ဟောင်းနွမ်းပျက်စီးနေသော အဆောက်အအုံကို ရပ်ကွက်ကျေးရွာများမှ ပြုပြင်လိုသော်လည်း ပြုပြင်ခွင့်မရှိပါ။

အဆိုပါမြေနေရာသည် ရပ်ကျေးမှ မရှိမဖြစ်လိုအပ်သော ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများ၊ ရပ်ကျေးလူစုခန်းမ၊ ရပ်ကျေးစာကြည့်တိုက်တို့ကို ရပ်ကျေးက မိမိတို့ငွေဖြင့် ဆောက်လုပ်အသုံးပြုရန် မူလရပ်ကျေးသမဝါယမအသင်းသားများက အထူးလိုလားတောင့်တလျက်ရှိပါတယ်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၅၊ အပိုဒ်ခွဲ (ဂ)၊ (စ)၊ (ဆ)တို့မှာ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို မလုပ်ကိုင်ခြင်း၊ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် တောင်းဆိုခြင်း၊ အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း စတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကျေးသမဝါယမအသင်းများ၏ မြေနှင့် အဆောက်အအုံများကို မူလရပ်ကျေးသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သောင်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၈၂) တိုင်တမော့ကွင်းရှိ တိမ်ကောပျက်စီးနေသော စားကျက်အင်း (၆.၅၁)ဧကကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သောင်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၈၂) တိုင်တမော့ကွင်းရှိ တိမ်ကောပျက်စီးနေသော စားကျက်အင်း(၆.၅၁)ဧကကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ် သောင်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၈၂)၊ တိုင်တမော့ကွင်းရှိ တိမ်ကောပျက်စီးနေသော စားကျက်အင်း(၆.၅၁)ဧကကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။


လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ် သောင်ပြင်ကျေးရွာအုပ်စုသည် စုစုပေါင်းအိမ်ခြေ(၂၀၀၀)ဝန်းကျင်ခန့်ရှိတဲ့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ သောင်ပြင်ကျေးရွာဟာ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေတွင်းရေကို အားကိုးအသုံးပြုနေကြရပါတယ်။ သောင်ပြင်ကျေးရွာ၌ ကွင်းအမှတ်(၁၀၈၂)၊ တိုင်တမော့ကွင်းတွင် (၃.၈၇) ဧကရှိသော

စားကျက်အင်းနဲ့ (၂.၆၄)ဧကရှိသော စားကျက်အင်း နှစ်နေရာတို့ ပါဝင်သော စုစုပေါင်းစားကျက်အင်း (၆.၅၁)ဧကတို့အား ပြုပြင်ထိန်းသိမ်းနိုင်ခြင်း မရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ မိုးရာသီမှာ သဲများ၊ အမှိုက်များ နှစ်စဉ်ဝင်ရောက်လာမှုကြောင့်လည်းကောင်း၊ စားကျက်အင်း(၆.၅၁)ဧကဟာ တဖြည်းဖြည်း တိမ်ကောပျက်စီးလာခဲ့ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို စားကျက်အင်းရဲ့ပုံကို ပြသလိုတဲ့အတွက် PowerPoint အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါ သောင်ပြင်ကျေးရွာအုပ်စုပုံပါ။ ဒါ စားကျက်အင်း နှစ်နေရာ တည်ရှိတဲ့ပုံပါ။ ဒါစားကျက်အင်းကို ပေးဖြစ်အောင် ပြန်ဆွဲထားတာဖြစ်ပါတယ်။ ဒါ စားကျက်အင်း နောက်တစ်ခုပါ။ ဒါ စားကျက်အင်း နောက်တစ်ပုံဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်အင်း တိမ်ကောလာသောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အားနည်းပြီး နွေရာသီမှာ ရေရှားပါးမှုဒဏ်ကို ပြည်သူများခံစားလာကြရပါတယ်။ ထို့ပြင် နွေရာသီ မီးဘေးကာကွယ်ရေးအတွက် ရေရယူနိုင်သော နေရာအခက်အခဲကို ဖြစ်ပေါ်စေပါတယ်။ အဆိုပါ စားကျက်အင်း(၆.၅၁)ဧကကို ပြန်လည်တူးဖော်ပေးနိုင်ပါက ကျေးရွာအတွက် လိုအပ်နေသော ရေပမာဏကို တစ်နှစ်ပတ်လုံး ရေရရှိနိုင်ခြင်း၊ သဘာဝမီးဘေးအန္တရာယ် ကြုံလာပါက ရေရရှိမှုကို အဆင်ပြေနိုင်ခြင်း၊ အိမ်တိုင်းစီ၏ ရေတွင်းများတွင် နွေရာသီ ရေခန်းခြောက်ခြင်းကို ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ပြည်သူများ ခံစားနိုင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ စားကျက်အင်း(၆.၅၁)ဧကအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


စားကျက်အင်း နှစ်နေရာ တည်ရှိသည့် မြင်ကွင်းပုံ (င)



စားကျက်အင်း(အောက်အင်း) မြင်ကွင်းပုံ (င-၁)




စားကျက်အင်း(အပေါ်အင်း) မြင်ကွင်းပုံ (င-၂)




**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ မေးခွန်းကို ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ အပိုင်း(၂)ပိုင်း ပါဝင်တာ တွေ့ရပါတယ်။ (၁)ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းမှာရှိတဲ့ လင်းဇင်းဆည် ရေသောက် မြောင်းမတော်ကြီး၊ စလင်းမြောင်းမကြီးနှင့် ဆင်ဖြူကျွန်းမြောင်း (မုန်းမြောင်းဆည်ရေသောက် လက်တံ)တို့ကနေ သဲနုန်းတူးဖော်ခြင်း လုပ်ငန်းအပိုင်းနှင့် ဒုတိယတစ်ပိုင်းကတော့ ကြို့ဝန်းနယ် ဒုတိယ ဦးစီးမှူးနေအိမ် ပြုပြင်ခြင်းလုပ်ငန်းတို့နှင့်ပတ်သက်ပြီး လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဆိုပါမေးခွန်း အပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် စလင်းမြို့နယ်မှာရှိတဲ့ လင်းဇင်း ရေလွှဲဆည်ရဲ့ ရေသောက်စနစ်ကနေ ရေပေးမြောင်းတွေအနေနဲ့ ၁၉၃၄ ခုနှစ်က ဖောက်လုပ်ခဲ့တဲ့ ရေပေးမြောင်းများဖြစ်ကြပါတယ်။ သက်တမ်းအားဖြင့်လည်း ကြာမြင့်ကြပြီ ဖြစ်ပါတယ်။ နှစ်စဉ် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနမှ တူးမြောင်းတွေ ရေစီးရေလာကောင်းမွန်ဖို့အတွက် သဲနုန်းတူးဖော်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက် ပေးလျက် ရှိပါတယ်။

ယခုဘဏ္ဍာနှစ်မှာ မြောင်းမတော်မြောင်း ပေတိုင်(၁၉၀၀၀)ကနေ (၈၄၀၀၀)အထိ၊ စလင်း မြောင်းမကြီး ပေတိုင်(၅၅၀၀၀)ကနေ ပေတိုင်(၁၀၀၅၃၇)ပေအထိ၊ ဆင်ဖြူကျွန်းမြောင်း ပေတိုင် (၂၅၀၀၀)ကနေ (၄၅၀၀၀)အထိ စတဲ့မြောင်းအပိုင်းတွေကို သဲနုန်းတူးဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဘတ်ဂျက် သာမန်အသုံးစရိတ်ရန်ပုံငွေမှ ခွဲဝေရရှိမှုဖြစ်တဲ့အတွက် လုပ်ငန်းတွေကို စတင် ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယတစ်ပိုင်းဖြစ်တဲ့ ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ရန် ကိစ္စနှင့်ပတ်သက်ပြီးတော့ ဖြေကြားပါမယ်။ အဆိုပါနေအိမ်အဆောက်အအုံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၈၀)ကျော်က တည်ဆောက်ခဲ့တဲ့အိမ် ဖြစ်ပါတယ်။ နှစ်ကာလကြာမြင့်လာတဲ့အမျှ အမိုးနှင့် မျက်နှာကြက်တွေ၊ နံရံနှင့် ကြမ်းခင်းတွေ ပြန်လည်ပြုပြင်ပေးဖို့နှင့် ခြံစည်းရိုးကာရံပေးဖို့အတွက် လိုအပ်ချက်များ ရှိနေပါတယ်။

သို့ဖြစ်တဲ့အတွက် အဆိုပါနေအိမ်အဆောက်အအုံ ပြုပြင်ပေးနိုင်ဖို့ လိုအပ်တဲ့ရန်ပုံငွေကို တွက်ချက်ပြီး လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုသာမန်အသုံးစရိတ် ရန်ပုံငွေမှာ ထည့်သွင်း လျာထားတင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ ရပ်ကွက်၊ ကျေးရွာများမှာရှိတဲ့ အခြေခံသမဝါယမအသင်းတို့ရဲ့ အသင်းပိုင် မြေတွေ၊ အဆောက်အအုံတွေကို ရပ်ကွက်၊ကျေးရွာများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေ ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၁၉၀၄ ခုနှစ်၊ သမဝါယမအသင်းဥပဒေနှင့်အတူ သမဝါယမလုပ်ငန်းတွေ စတင်ခဲ့ပြီးတဲ့နောက် ခေတ်အဆက်ဆက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေတွေ အဆင့်ဆင့်ပြဋ္ဌာန်း ဆောင်ရွက်ခဲ့မှုရှိပါတယ်။ ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းဥပဒေကို ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် အညီ ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့နောက်မှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေး စနစ်နှင့် လိုက်လျောညီထွေဖြစ်စေဖို့အတွက် ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေကို ၂၂-၁၂-၁၉၉၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃၇ မှာ ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ တည်ထောင်ခဲ့တဲ့အသင်းတွေကို ဤဥပဒေအရ မှတ်ပုံတင်ထားသောအသင်းများ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။ သတ်မှတ်တဲ့ကာလ အတွင်း ဤဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းရမည်ဆိုပြီး ပြဋ္ဌာန်းထားရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့တဲ့ သမဝါယမ အသင်းတွေကို ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဒီလို ဖွဲ့စည်းရာမှာ ရပ်ကွက်/ကျေးရွာ အခြေခံသမဝါယမအသင်းတွေ၊ နေအိမ်/ရပ်ကွက်/ကျေးရွာတွေမှာ နေထိုင်သူများ အသင်းသားအဖြစ် ပါဝင်လိုတဲ့ ဆန္ဒရှိသူတွေကို သမဝါယမအခြေခံမူနှင့်အညီ ပါဝင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

ယနေ့အချိန်မှာ ဖွဲ့စည်းပြီး သမဝါယမအသင်းပေါင်း(၄၀၄၉၉)သင်းရှိပြီး ရပ်ကွက်နှင့် ကျေးရွာ အခြေခံအသင်းပေါင်း(၄၀၀၁၆)သင်းရှိပါတယ်။ အသင်းသားပေါင်း (၄.၂၅)သန်းရှိကြောင်း တင်ပြအပ်ပါတယ်။ ရပ်ကွက်/ကျေးရွာ သမဝါယမအသင်း အားလုံးနီးပါးဟာ အသေးစားအရင်းအနှီး ချေးငွေ ထုတ်ချေးတဲ့လုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချခြင်း၊ လယ်ယာမြေ အဆင့်မြင့် ပြုပြင်ခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းအပါအဝင် အသင်းသား၊ လယ်သမားနှင့် လက်လုပ်လက်စားတွေအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေတဲ့လုပ်ငန်းများ ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ သမဝါယမအသင်း နည်းဥပဒေ အပိုဒ် ၇၀၊ အပိုဒ်ခွဲ(က)မှာ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသည် သမဝါယမအသင်းရဲ့ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး သမဝါယမအသင်းရဲ့ကိစ္စအဝဝကို အပြီးသတ် ဆုံးဖြတ်နိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်တဲ့

အတွက် နည်းဥပဒေအရ ရပ်ကွက်/ကျေးရွာ အခြေခံသမဝါယမအသင်းတွေရဲ့ စီးပွားရေးလုပ်ငန်းနှင့် အသင်းပိုင် ရင်းနှီးပစ္စည်းတွေကို သက်ဆိုင်ရာ သမဝါယမအသင်းရဲ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်သာ စီမံခန့်ခွဲနိုင်ခွင့်ရှိတဲ့အခြေအနေ ဖြစ်ပါတယ်။

၁၉၉၂ ခုနှစ်၊ သမဝါယမအသင်း ဥပဒေ ပုဒ်မ ၂၅(ဂ)(စ) နဲ့ (ဆ)တို့မှာ တည်ဆဲဥပဒေများ နှင့်အညီ စီးပွားရေးလုပ်ငန်းတွေကို မလုပ်ကိုင်တဲ့ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် တောင်းဆိုတဲ့ သမဝါယမအသင်းနဲ့ စာရင်းရှင်းလင်း ဖျက်သိမ်းရန် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့တဲ့ သမဝါယမအသင်းတွေကို သမဝါယမအသင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်း ထားပြီးဖြစ်ပါတယ်။ ယင်း သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၅ မှာဆိုရင် အသင်းကို စာရင်းရှင်းလင်း ဖျက်သိမ်းဖို့နှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းထားခြင်းဖြစ်တဲ့အတွက် ပြဋ္ဌာန်းချက်ပါအတိုင်း တည်ဆဲဥပဒေနှင့် မညီညွတ်တဲ့ လုပ်ငန်းလုပ်နေတဲ့အသင်းရဲ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်းကို ဖျက်သိမ်းဖို့ တောင်းဆိုတဲ့အသင်းနဲ့ စာရင်းရှင်းလင်း ဖျက်သိမ်းဖို့ အခြားလုံလောက်တဲ့ အကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်တဲ့ အခြေအနေတွေမှာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာရင်း ရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ရပ်ကွက်/ကျေးရွာ အခြေခံသမဝါယမအသင်းတွေရဲ့ အသင်းသားများ အနေနဲ့ မိမိတို့အသင်းပိုင် စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးပစ္စည်းတွေ စီမံခန့်ခွဲခြင်းကို မိမိတို့အသင်းရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက် သွားနိုင်မှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ရဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သောင်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၈၂)၊ တိုင်တမော့ ကွင်းရှိ တိမ်ကောပျက်စီးနေတဲ့ စားကျက်အင်း(၆.၅၁)ဧကကို ပြန်လည်တူးဖော်ပေးဖို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်း ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် မူလ ခွင့်ပြုရန်ပုံငွေ ကျပ်(၁၄၆.၃၃)သန်းနဲ့ ကျေးရွာ(၇)ရွာမှာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း(၆)ခု၊ အခြား ရေရရှိရေးလုပ်ငန်း (၁)ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်း (၇)ခုကိုလည်းကောင်း မွမ်းမံရန်ပုံငွေ ကျပ်(၁၁)သန်းနဲ့ ကျေးရွာ(၂)ရွာမှာ အခြားရေရရှိရေးလုပ်ငန်း (၂)ခုကိုလည်းကောင်း ဆောင်ရွက်ရန် ခွင့်ပြုထားရှိမှာဖြစ်ပါတယ်။ ရေးမြို့နယ်၊ သောင်ပြင်ကျေးရွာအုပ်စုမှာ အိမ်ခြေ(၁၆၃၃)အိမ်၊ လူဦးရေ (၉၈၈၁)ဦး ရှိပါတယ်။ လက်ရှိ ရေသုံးစွဲမှုအနေနဲ့ စက်ရေတွင်း(၂)လက်မ၊ အချင်း အနက်ပေ(၂၀၀) (၂)တွင်းရှိပြီး ရေထွက်နှုန်း တစ်နာရီ ဂါလံ(၅၀၀)နှုန်း ထွက်ရှိပါတယ်။ လက်တူးတွင်းပေါင်း (၁၂၀၀) တွင်းနဲ့ ပုဂ္ဂလိက ရေမီတာသုံး ရေပေးစနစ်နဲ့ အိမ်ခြေ(၄၀၀)ခန့် ရေရယူသုံးစွဲလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ သောင်ပြင်ကျေးရွာမှာရှိတဲ့ စားကျက်အင်းဟာ အပေါ်ပိုင်းနဲ့ အောက်ပိုင်းဆိုပြီး နှစ်ပိုင်းရှိရာမှာ အပေါ်ပိုင်း(၄)ဧကခန့်၊ အင်းအောက်ပိုင်း(၂)ဧကခန့် စုစုပေါင်း(၆)ဧကခန့်ရှိပါတယ်။ နွေရာသီမှာ စားကျက်အင်းအတွင်း ရေခန်းခြောက်လာမယ်ဆိုပါက အချို့လက်တူးတွင်းတွေဟာဆိုရင် ရေခန်းခြောက်တဲ့အတွက် စက်ရေတွင်း (၂)တွင်းက ရေကိုသာ အဓိကထား သုံးစွဲလျက်ရှိပါတယ်။ သောင်ပြင်ကျေးရွာဟာ ပင်လယ်ကမ်းစပ်နဲ့ နီးတဲ့အတွက် အင်းတည်ရှိရာ တောင်အောက်ပိုင်းမှာ စက်ရေတွင်း တူးဖော်မယ်ဆိုရင် ရေငန်ထွက်ရှိပြီး ရေထွက်နည်းနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ သောင်ပြင်စားကျက်အင်း ပြန်လည်တူးဖော်ခြင်းနဲ့ ပတ်သက်ပြီး အင်းအပေါ်ပိုင်းကို အနက်(၅)ပေခန့် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မယ် ဆိုရင် ခန့်မှန်းတန်ဖိုးငွေ ကျပ်(၈၃.၃)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ အင်းအောက်ပိုင်းကို အနက် (၅)ပေခန့် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မယ်ဆိုရင် ခန့်မှန်းတန်ဖိုးငွေ ကျပ်(၅၅.၉)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအင်းတူးဖော်ခြင်းလုပ်ငန်းအတွက် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ်(၁၃၉.၂)သန်း ကုန်ကျမှာဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ရရှိထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သောင်ပြင်စားကျက်အင်း ပြန်လည်တူးဖော်ပေးမယ်ဆိုပါက သောင်ပြင် ကျေးရွာအုပ်စုအတွက် လိုအပ်တဲ့ ရေပမာဏကို တစ်နှစ်ပတ်လုံးရရှိမှာဖြစ်ပါတယ်။ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက ရေအလွယ်တကူရရှိနိုင်ခြင်းနှင့်အတူ နွေရာသီမှာ ရွာအတွင်းရှိ ရေတွင်းများ ရေခန်း ခြောက်ခြင်းကို ကာကွယ်နိုင်တဲ့ အကျိုးကျေးဇူးများလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း စားကျက်အင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေလျာထား ပါဝင်ခြင်း မရှိတဲ့အတွက် လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ လျာထားပြီး ရန်ပုံငွေ ရရှိမှုနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အားလုံး ဒီနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးကို ကြွရောက်လေ့လာကြတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဥာဏစိုး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ ၁)၁/၂၀၁၉-၀၃၁
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းဟာ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၁၄-၁၂-၂၀၁၈ ရက်နေ့မှာတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်တွေနဲ့ အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပညာရှင်တွေနဲ့ ၂၇-၁၂-၂၀၁၈ ရက်နေ့နှင့် ကျွန်တော်တို့ ၂၁-၁-၂၀၁၉ ရက်နေ့ တို့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြချင်တာက ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ Focal Ministry ဖြင့် တာဝန်ခံဝန်ကြီးဌာနအဖြစ် အင်ဂျင်နီယာလုပ်ငန်းရပ်များကို ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနဖြစ်ကြောင်း တစ်ပါတည်း တင်ပြလိုပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ ကော်မတီရဲ့ လေ့လာတွေ့ရှိချက်တွေကို တင်ပြပါမယ်။ ဥပဒေကြမ်းကော်မတီက လေ့လာစိစစ်တဲ့ အခါမှာတော့ -

(က) ဥပဒေရေးထုံး မှန်ကန်မှုရှိစေဖို့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်နှင့် အပိုဒ် ၁ မှာ ဖော်ပြထားတဲ့ စကားရပ်တွေကို အဆိုပြု ပြင်ဆင်ချက်အတိုင်း ပြန်လည်ထားရှိဖို့ တင်ပြလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ၂၀၁၈ လို့ ပြင်ဆင်လိုက်တဲ့ အခါမှာ အခုဟာက ဒီဘက် ၂၀၁၉ ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၉ လို့ ပြောင်းလဲဖို့ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီဥပဒေမှာ ဖော်ပြ

ထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ ဒီဥပဒေရဲ့ စည်းနှောင်မှုအား ဒီဥပဒေမှာ ဆောင်ရွက်ဖို့အတွက် ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ကျွန်တော်တို့က ထည့်သွင်းရတာ ဖြစ်ပါတယ်။ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်တွေဟာဆိုရင် ပြင်ပလောကမှာ ခေါ်ဝေါ် သုံးစွဲလျက်ရှိတဲ့ အသုံးအနှုန်းဆိုင်ရာ စကားရပ်တွေ မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် ပြောရရင် အရပ်ဘက်အခေါ်တွေ မဟုတ်ဘဲနဲ့ ဒီဥပဒေကို ကျင့်သုံးနိုင်ဖို့အတွက်ပဲ ဒီဥပဒေထဲမှာ ပေါ်လွင်ထင်ရှားအောင် အဓိပ္ပာယ်ဖွင့်ဆိုရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတဲ့ ပုဒ်မခွဲ(ည) အင်ဂျင်နီယာ ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုတော့ ပိုမိုပြည့်စုံမှုရှိစေဖို့အတွက် Register Engineer မှတ်ပုံတင်အင်ဂျင်နီယာ ဆိုပြီးတော့ ကျွန်တော်တို့ ပြန်လည်ထည့်သွင်း ဖော်ပြဖို့ ဖြစ်ပါတယ်။ ဒီလိုပါပဲ။ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ (ဈ)မှာ ဖော်ပြထားတဲ့ နည်းပညာကျွမ်းကျင်သူနဲ့ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ ဆိုတဲ့စကားရပ်တွေကိုလည်း မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူနဲ့ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ ဆိုပြီးတော့ ဒီလို တည့်မတ်မှန်ကန်မှုရှိအောင် ပြင်ဆင်သင့်ကြောင်း တင်ပြလို ပါတယ်။

(ခ) မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)၊ (ဌ) နောက်ထပ် အခန်း(၉) ခေါင်းစဉ်တို့မှာ ဖော်ပြ ထားတဲ့ အင်ဂျင်နီယာ မှတ်ပုံတင်လက်မှတ် ဆိုတဲ့စကားရပ်တွေကိုတော့ ခုနက အဓိပ္ပာယ်ဖွင့်ဆိုချက် အသုံးအနှုန်းတွေနဲ့ ရောထွေးမှုမရှိစေဖို့အတွက် အင်ဂျင်နီယာ ဆိုင်ရာ မှတ်ပုံတင်လက်မှတ်လို့ ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကို လေးစားစွာ တင်ပြလိုတာကတော့ ကျွန်တော်တို့ နောက်ထပ် အငြင်းပွားဖွယ်ရာ အချက်တစ်ချက်ဖြစ်တဲ့ အင်ဂျင်နီယာလို့ သတ်မှတ်တာဟာ B.E ဘွဲ့ရ များကိုပဲ သတ်မှတ်မှာလား။ A.G.T.I, G.T.I ကျောင်းဆင်းများရော မပါတော့ဘူးလား ဆိုတဲ့ကိစ္စရပ်ကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ လက်ရှိ နိုင်ငံတော်ရဲ့ မူဝါဒကိုက သက်မွေးဝမ်းကျောင်းပညာရေးကို အားပေးမြှင့်တင်ပြီးတော့ သက်မွေးဝမ်းကျောင်း သင်တန်းကျောင်းတွေကို တိုးမြှင့်ဖွင့်လှစ်ဖို့ ဖြစ်ပါတယ်။

(ဂ) စက်မှုလက်မှုအတတ်ပညာရှင်တွေကို လူငယ်လူရွယ်တွေကို တိုးမြှင့်မွေးထုတ်ပေး ပြီးတော့ ယင်းတို့ရဲ့ လုပ်အားကို အသုံးပြုပြီးတော့ တိုင်းပြည်ရဲ့စီးပွား ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်ဖို့ဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေကိုလည်း တိုးတက်ဖန်တီးပေးနိုင်ပြီးတော့ အလုပ်လက်မဲ့ အချိုးအစားကိုလည်း လျှော့ကျစေမှာ ဖြစ်ပါတယ်။ ဒီလိုမှပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်နိုင်မယ် စတဲ့ အကျိုးအမြတ်တွေကို ရရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ သက်မွေး ဝမ်းကျောင်းပညာရပ်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ အစရှိတဲ့ နိုင်ငံများက အစိုးရများနဲ့လည်း ညှိနှိုင်းပြီးတော့ သင်တန်းတွေရဲ့ အရည်အသွေး အဆင့်အတန်းကို မြှင့်တင်ဖို့ကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့ရပညာရှင်များ

သာမက အခြားကျွမ်းကျင်ပညာရှင်များကိုပါ အရည်အသွေးပြည့်ဝစွာ နိုင်ငံတကာ အဆင့်မီ မွေးထုတ်ပေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၊ မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဌ)ကို ပုဒ်မခွဲ(ဍ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီးတော့ -

( ဍ ) မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာ အဖြစ် ကောင်စီတွင်စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကို လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပအဖွဲ့အစည်း၊ ဌာနတစ်ခုခုက ဖြစ်စေ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံ တစ်ခုခုကဖြစ်စေ ထုတ်ပေး ထားသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူကိုလည်းကောင်း ကောင်စီကထုတ်ပေးသော မှတ်ပုံတင် အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်လို့ ပြည့်ပြည့်စုံစုံ ပြန်လည် ပါဝင်အောင် ပြင်ဆင် သင့်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်။

နောက်တစ်ချက် တင်ပြလိုတာကတော့ -

(ဃ) နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာမှာ အာဆီယံနိုင်ငံများက အင်ဂျင်နီယာများသာမကဘဲနဲ့ ကမ္ဘာအနှံ့မှ ကျွမ်းကျင်ပညာရှင်တွေ မြန်မာနိုင်ငံမှာ လာရောက် အလုပ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့အတွက် မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ) နှင့် မူလဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့မှာ ဖော်ပြထားတဲ့ စကားရပ်တွေမှာရော ကျွန်တော်တို့က အာဆီယံအဖွဲ့ဝင်နိုင်ငံများ သာမက အဲဒီနောက်မှာ ကျွန်တော်တို့က သို့မဟုတ် ခံလိုက်ပြီးတော့ အာဆီယံ အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးထားသည့် သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ် ရရှိထားသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် များကို ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည် ဆိုပြီးတော့ ဒါ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)မှာ ပြင်ဖို့ ဖြစ်ပါတယ်။ ဒီလိုပါပဲ။

၃၀။(ခ) မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးတဲ့အခါ မှာလည်း အာဆီယံနိုင်ငံများသာမက ကမ္ဘာအနှံ့က အင်ဂျင်နီယာ ပညာရှင်တွေ ပါဝင်ဖို့အတွက် ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

( င ) နောက်တစ်ခုက ကျွန်တော်တို့ ကောင်စီမှာ ကောင်စီအဖွဲ့ဝင်တွေကို နိုင်ငံ့ဝန်ထမ်းတွေ အနက်က တာဝန်ပေးတဲ့အခါမှာတော့ ကျွန်တော်တို့က ရွေးကောက်တင်မြှောက်တာ မဟုတ်ပါဘူး။ သတ်မှတ်ချက်တွေနဲ့အညီ ရွေးချယ်တာဝန်ပေးအပ်တာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပြင်ပအင်ဂျင်နီယာပညာရှင်တွေကိုကတော့ သတ်မှတ်ချက်

များနဲ့အညီ တင်မြှောက်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးချယ်တာဝန်ပေးအပ်ခြင်း လုပ်ငန်းစဉ်နှစ်ရပ်ကို ကွဲပြားခြားနားမှုရှိစေရန်အတွက်ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ရဲ့ ခြေဆင်းကို ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ချက် တင်ပြလိုတာကတော့ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာ စိတ်ဝင်တစား အချိန်ပေးပြီးတော့ ဆောင်ရွက်နိုင်တဲ့ အတွေ့အကြုံရင့်ကျက်တဲ့ အငြိမ်းစား ပညာရှင်ကြီးတွေကို ကောင်စီရဲ့ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်စေဖို့အတွက် မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ရဲ့နောက်မှာ ပုဒ်မခွဲ(ဂ) အဖြစ် -

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ အငြိမ်းစားမှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များအနက်မှ (၁၀)ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်လို့ အသစ် ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ Engineering ဆိုင်ရာ Engineer ပညာရပ်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေမှာ ကုန်ထုတ်လုပ်ရေးပိုင်းတွေမှာရော၊ စက်မှုလုပ်ငန်းပိုင်းမှာရော နောက်တစ်ခါ ကျွန်တော်တို့ သင်ကြားရေးပိုင်းမှာရော တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားပညာရှင်ကြီးများ ပြန်လည်ပါဝင်ပြီးတော့ ကူညီဆောင်ရွက်စေနိုင်ဖို့အတွက် ဒီ အပိုဒ်ခွဲသစ်ကို ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ ဒီလို အသစ် ဖြည့်စွက်လိုက်တဲ့အတွက်ကြောင့်မို့လို့ ကောင်စီဝင်တွေရဲ့ အချိုးအစား ညီမျှမှုရှိစေရန်အတွက်ကတော့ -

(စ) ကောင်စီဝင်တွေရဲ့အချိုးအစား ညီမျှမှုရှိစေရန်အတွက်ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၅ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)ကို (ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမှာ ဖြစ်ပါတယ်။ အဲဒီမှာ ဖော်ပြထားတဲ့ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များအနက်မှ (၂၀)ဦးစီ ဆိုတဲ့စကားရပ် (၂၀)ဦး၊ (၂၀)ဦး (၄၀)ဦးကို ကျွန်တော်တို့ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ (၁၅)ဦးစီ (၁၅)ဦး၊ (၁၅)ဦး၊ (၃၀)ဦးလို့ ဒီလိုမျိုး ပြောင်းလဲသတ်မှတ်မှသာလျှင် အငြိမ်းစား ပညာရှင် (၁၀)ဦးအတွက် ကောင်စီမှာ နေရာရလာမှာ ဖြစ်ပါတယ်။ ဒါလေးကိုလည်း ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ဥပဒေရေးထုံးနှင့် မြန်မာစာအရေးအသား မှန်ကန်မှုရှိစေဖို့ ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြပါမယ်။ ဒါကတော့ -

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ပုဒ်မ ၆၊ နောက်တစ်ခါ မူလဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ မူလဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)

မူလဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)ပါ စကားရပ်တွေကိုတော့ ကျွန်တော်တို့ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန် အသီးသီး အစားထိုး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

(ဇ) အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက်တော့ မူလဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)မှာ ဖော်ပြထားတဲ့ စကားရပ်ကို ပြင်ဆင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ နောက် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၃၄ ခြေဆင်းမှာ ဖော်ပြထားတဲ့ စကားရပ်ကိုလည်း ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၃ ကိုတော့ လိုအပ်ခြင်း မရှိတော့တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တာဝန်ခံဝန်ကြီးဌာနဖြစ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်က ပညာရှင်ကြီးများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်တဲ့အပြင် ပြင်ဆင်ချက်များကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]